

mgyoe.com
mgyoe.com

mgyoe.com

မျက်နှာဖုံးပန်းချီ - တော်တီဆွေ
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၊
ပထမအကြိမ် - ၂၀၀၉ ခုနှစ်၊ ကြောင်နှစ်ကောင်စာပေတိုက်။
ထုတ်ဝေသူ
ဒေါ်သီတာမြင့်၊ စာစည်းစိမ်စာပေ(၀၂၇၈၅)၊
အမှတ် ၂၁၊ လှော်ရွေးဝင်းလမ်း၊ ၁၄ ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ
ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။

ရောင်းဈေး - ၁၅၀၀ ကျပ်

mgyoe.com

mgyoe.com

# နှလုံးသားနှင့်ကန်တဲ့
# ဘောလုံး
# (၂)

mgyoe.com

mgyoe.com
mgyoe.com


mgyoe.com

# မာတိကာ


| | |
|---|---|
| ၁။ ညဏ်လုံးကန်ခြင်း (တစ်) | ၅ |
| ၂။ ညဏ်လုံးကန်ခြင်း (နှစ်) | ၁၃ |
| ၃။ အက်(ဖ)အီးဆီ (တစ်) | ၂၅ |
| ၄။ အက်(ဖ)အီးဆီ (နှစ်) | ၃၃ |
| ၅။ အက်(ဖ)အီးဆီ (သုံး) | ၄၁ |
| ၆။ ငယ်ပြိုင်ပွဲ | ၄၉ |
| ၇။ ဂြိုဟ်လုံး | ၆၁ |
| ၈။ နံပါတ်'လေး' | ၆၇ |
| ၉။ လူရည်ချွန်နဲ့ အားကစား | ၇၉ |
| ၁၀။ မတတ်တဲ့'ဆု' (တစ်) | ၈၉ |
| ၁၁။ မတတ်တဲ့'ဆု' (နှစ်) | ၉၅ |
| ၁၂။ သရဲရွေးပွဲ | ၁၀၃ |
| ၁၃။ သရဲရွေးတဲ့ ဂိုစ်ထ် (GHOST) | ၁၁၁ |



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# ညကျော်လုံးကန့်ခြင်း (တစ်)

သူ့ဇနီးကို သူကြည့်လို့မရတာတော့ အမှန်ပါပဲ...။

ဒါပေမဲ့ ဖြစ်တဲ့ပြဿနာမှာ သူ့ဘက်က မှားနေတာကြောင့် ဝူးဝူး ဝါးဝါးလုပ်ခွင့်မရှိဘဲ ကြည့်မရတဲ့အဆင့်နဲ့တင် ရပ်ထားရတာပါ။ ကျေနပ် ထားရတာပါ။

သူနဲ့ သူ့ဇနီး လေဒီချပ်ပြားဖြစ်တဲ့ကိစ္စကတော့ အိမ်ထောင်သည် တွေရဲ့ထုံးစံအတိုင်း ပိုက်ဆံကိစ္စပါပဲ။ သူကလည်း ဗီဒီယိုရောင်းလိုက် ရတဲ့ ဝတ္ထုကိစ္စကို တစ်ပုံးလောက် အသာဖျောက်ထားပြီး ကျန်ပိုက်ဆံ ကိုပဲ ကောက်ရတဲ့ ပုံစံမျိုးနဲ့ သူ့ဇနီး လေဒီချပ်ပြားကို အကုန်ပေးလိုက် တာလေ။ အကုန်ပေးတာဆိုပေမယ့် အိမ်စားစရိတ်ပါ ပါနေလို့ အလွန်ဆုံး ပိုလှ တစ်သောင်းကျော်ကျော်ပါပဲ။

ရန့်ရော အရိပ်ရောဖျောက်ထားတဲ့ သူ့ရဲ့ငွေတစ်ပုံးကိုတော့ လေဒီ



mgyoe.com

ချပ်ပြား ဘယ်လိုမှ မသိနိုင် မရှာနိုင်တဲ့နေရာမှာ ဖွက်ထားလိုက်တယ်။ လေဒီချပ်ပြား ဘယ်လိုမှမသိနိုင်တဲ့ နေရာဆိုလို့ မတော်မတဲ့နေရာတွေ လျှောက်တွေးမနေပါနဲ့။ သူပိုက်ဆံဖွက်တဲ့နေရာက အရမ်းလုံခြုံပါတယ်။ သူ့ဇနီးရဲ့ ပြီးခဲ့တဲ့တစ်ပတ်ကမှ ချုပ်ပြီးသွားတဲ့ ပါတိတ်ဝမ်းဆက်အင်္ကျီ ခေါက်ကြားထဲမှာ ထည့်ထားတာပါ။

တစ်သောင်းရှစ်ထောင်လောက် အကုန်အကျခံပြီး ချုပ်ထားတဲ့ ပါတိတ်ဝမ်းဆက်ကြီးကို ဘယ်သူက အိမ်နေရင်း ချဝတ်မှာလဲ။ ပွဲနေ ပွဲထိုင်ကျမှပဲ ထုတ်ဝတ်မှာ မဟုတ်ဘူးလား။ ပွဲနေပွဲထိုင်ရှိရင်လည်း အိမ်ဦးနတ်ဖြစ်တဲ့ သူသိမှာပဲမို့လို့ လေဒီချပ်ပြား ပွဲလမ်းသွားဖို့ ရေချိုးတဲ့ အချိန်မှာ ထုတ်ယူထားလိုက်ရုံပါပဲ။ လေဒီချပ်ပြားက မသင်္ကာလို့ ရှာလည်း သူ့ပစ္စည်းတွေထဲမှာ ဘယ်ရှာပါ့မလဲ။ သူ့ယောကျ်ားပစ္စည်းတွေ အိတ်တွေထဲပဲ ရှာမှာပေါ့။ မပိုင်ဘူးလား…။

လူနှစ်ယောက်ကပ်ထားတဲ့ကြားထဲက ကာကာက ဘောလုံးကို အသာကလေးလှည့်ထွက်သွားနိုင်သလို… သူ့မိန်းမနဲ့ ယောက္ခမကြားထဲက နေပြီး ရေတစ်ပုံးလောက်ကို အသာလေး လှည့်ထုတ်သွားနိုင်တဲ့အစွမ်း သူ့မှာ ရှိပါတယ်။ မိန်းမနဲ့ ယောက္ခမကြား ဗွေဗျာမများရအောင် ပိပိရိရိ ငွေဖွက်နည်း သူ့ဆီမှာ ၁၅ နည်းရှိပါတယ်။ သင်ချင်ရင် Forever ကနေတစ်ဆင့် ဆက်သွယ်ပေါ့။ နောက်ထပ် ၁၀ နည်းလောက်ထပ်ရရင် တော့ လုံးချင်းတစ်အုပ်ထုတ်ဖို့အထိ အစီအစဉ်ရှိပါတယ်။ အခုရှိထားတဲ့ နည်း ၁၅ နည်းထဲမှာ အခုရေးပြတဲ့ အင်္ကျီအသစ်ထဲထည့်တဲ့နည်း မပါပါ ဘူး။ အဲဒီနည်းက စိတ်မချရလို့ပါ။

ကြည့်လေ… ညနေ ဘောလုံးပွဲကြည့်ပြီး ပြန်လာတော့ လေဒီ

ချုပ်ပြားက အခန်းထဲမှာ သွားကောလိပ်က အဆောင်သူကလေးတစ်ယောက်ကို သူပိုက်ဆံထည့်ထားတဲ့ ပါတိတ်အင်္ကျီအသစ်ကြီးကို ပြနေတယ်။ သူ့ရင်ထဲမှာ ထိတ်သွားပေမယ့် ညွှဲ့သည်ရှိနေလို့ ဘာမှ မမေးသာ မပြောသာဘူး။ သူတို့လက်ထဲက အင်္ကျီကတော့ မုန့်လေပွေ မီးကင်သလို အခါ ၂၀ လောက် ဟိုဘက်ဒီဘက် အလှန်ခံထားရလို့ ကြေမွတောင်နေပြီဆိုတော့ သူ့ပိုက်ဆံကတော့ သွားပြီပေါ့…။

"ညီမက အစက ရင်ဖုံးကြယ်သီးနေရာမှာ ကပ်စေးနဲလုံးကလေး ထိုးမလို့ ဒီကြယ်သီးပုံက ချုပ်တဲ့အစ်မက သူ့ဘာသာ ထိုးပေးတာလေ"

"လှပါတယ် ညီမရဲ့… အခု အငြိမ်လေးတွေ ပြန်ပြီး ခေတ်စားနေတာ၊ အင်း… ဒီဇိုင်းတွေကတော့ နောက်ပိုင်း မလိုက်ရဲတော့ဘူး၊ တစ်ခုပြီး တစ်ခုပြောင်းတာ သိပ်မြန်တာပဲ၊ အခု ဆံပင်တွေ ပြန်ကောက်နေကြပြန်ပြီ…"

"ဟုတ်တယ်နော် စိတ်ညစ်ပါတယ်… တကယ်ပဲ… ညီမကတော့ ကိုယ်ကြိုက်တာပဲ လုပ်ပစ်လိုက်တယ် အဲဒါ ပြီးရော…"

"ဟုတ်တယ်… အဲဒါပဲ ကောင်းတယ်…"

ဘာမှရယ်စရာလည်း မပါဘဲနဲ့ ပြိုင်တူရယ်နေကြတဲ့ သူ့မိန်းမနဲ့ ညွှဲ့သည်ကို သောက်ညင်ကပ်ပြီး မေတ္တာပို့လိုက်သေးတယ်။

ညွှဲ့သည်ပြန်သွားတော့မှ ချယ်လ်ဆီးနဲ့ မန်ယူတွေ့ကြသလို သွေးတိုးလေးစစမ်းပြီး ကစားကွက်ကို ဖော်ရတယ်။

"အဆောင်ကလား…"

"အင်း…"

"ဒါကြောင့်မို့ မြင်ဖူးနေတာ…"



mgyoe.com

mgyoe.com

အကြောင်းမရှိဘဲ ပြောတဲ့ စကားဆိုတာ တစ်ဖက်က လိုက်မပြောရင် သွားတာပဲလေ...။ သူဘာဆက်ပြောရမယ်မှန်း မသိတော့ဘူး ဖြစ်သွားတယ်။ လေဒီချပ်ပြားကတော့ ခံစစ်နဲ့ ကစားတော့မယ့် ပုံစံမျိုးပါပဲ။

"ဒီနေ့ သမားတော်ကား..."

ဘယ်သူ့ကိုပြောမှန်းမသိတဲ့ စကားနဲ့ အိမ်ရှေ့ကတိဗွီဆီကို ထွက်သွားတယ်။ သူ့ဇနီးပုံစံက တိုက်စစ် လုံးဝမဖွင့်ပေမယ့် ခံစစ်ကိုတော့ ရှောင်တဲ့နည်းနဲ့ ကစားထားတယ်။ အသာကလေးနေလိုက်ရင် သူကလည်း အသာကလေး ယူသွားမယ်ပေါ့လေ...။ ဒီလိုတော့ ဘယ်ရမလဲ...

"မင်းအင်္ကျီထဲက ပိုက်ဆံ တွေ့တယ်မဟုတ်လား..."

"တွေ့သားပဲ..."

ဗြောင်ခုခံတဲ့ တိုက်စစ်ပါ။ ပါးစပ်က လေသံခပ်တင်းတင်းကို သမားတော်ဇာတ်လမ်းတွဲကြည့်ရင်း အရေးမကြီးသလို ပြောတယ်။ သူ့မျက်နှာပေးက ဝီဂန်နဲ့ကစားတဲ့နေ့မှာ ချဲလ်ဆီးကနည်းပြ မော်ရင်ဟိုထားတဲ့ မျက်နှာမျိုး။ ကြည့်လို့ကို မရတာ...။

"ဒါဆို ပြန်ပေးဦးကွ ...လုပ်စရာရှိလို့ ငါထားထားတာ..."

"ဘာဖြစ်လို့ ပြန်ပေးရမှာလဲ၊ လုပ်စရာရှိလို့ သိမ်းထားတာဆိုရင် ဘာဖြစ်လို့ အစကတည်းက မပြောတာလဲ..."

"ပိုက်ဆံက ဟိုဘက်မှာ လို မလို မသိသေးလို့ပေါ့ကွ..."

"ဘယ်ဘက်မှာလဲ... ဘာလုပ်တာမို့လို့လဲ... ဟယ်... ကြည့်စမ်း... ဒီကောင် တကယ်ယုတ်မာတာ အမြဲတမ်း သမားတော်ကို ပြဿနာတက်အောင် လုပ်တယ်၊ စကားကို အကုန်မပြောဘဲ ဖွက်ထားတယ်၊ တော်တော်ယုတ်မာတဲ့လူ..."


mgyoe.com

mgyoe.com

တိဗွိက သမားတော်ကားကြည့်ရင်း သူ့ကို ပါးပါးကလေးခတ်သွားသေးတယ်။ ကြည့်လို့မရတော့ပေမယ့် သည်းခံရပါတယ်။

"ဘောလုံးပွဲပါကွာ..."

"ဘောလုံးပွဲ... ဘောလုံးပွဲ... ဘာလုပ်တာလဲ..."

"လောင်းတာ..."

"ဩော်... ရှုံးလာပြီလား၊ မိန်းမကိုကျတော့ ဈေးဖိုးနဲ့ ညှိပေးပြီးတော့၊ သူကျတော့ ဘောလုံးပွဲကို သိန်းချီလောင်းလို့... ဟင်း... တော်တော်ဟုတ်တယ်၊ အခု ရှုံးပြီလား မပေးဘူး..."

"မရှုံးပါဘူးကွ..."

"နိုင်ရင်လည်း ကိုယ့်ငွေနဲ့ ကိုယ်နေပေါ့... ဒါကို ကလေးပဲ သိမ်းထားမှာ..."

"မရှုံးလည်း မရှုံး... နိုင်လည်း မနိုင်သေးဘူးဟေ့၊ လောင်းကို မလောင်းရသေးတာ၊ လောင်းလို့ရှုံးရင် သိက္ခာမကျအောင် ချက်ချင်းပေးဖို့အတွက် အဆင်သင့်ထားထားတာ..."

"မဟုတ်ပါဘူး... ဖွက်တာပါ..."

"ဟ... ဖွက်ရင် ငါ့ဘာသာ ဖွက်လို့ရတဲ့နေရာတွေ အများကြီး... မင်းအင်္ကျီထဲ လာထည့်ထားပါ့မလားကွ၊ မင်းပဲ စဉ်းစားကြည့်ပါဦး..."

ဒီစကားကြောင့် လေဒီချပ်ပြား ခဏတော့ ငြိမ်သွားတယ်။ ဒီစကားကတော့ အခြေအနေအရ ထွင်လိုက်ရတာပါ။ ဘောလုံးပွဲလောင်းတယ်ဆိုတာလည်း ဒီလိုပါပဲ။

"တစ်ပွဲကို ဘယ်လောက်ကြေး လောင်းတာလဲ..."


mgyoe.com

"တစ်သောင်း နှစ်သောင်းပေါ့... အပျင်းပြေပါ..."

"ဒါဆိုရင် သုံးသောင်းလောက် ယူထားလေ... ကျွန်တော် ကလေးပဲ သိမ်းထားမယ်..."

သူ တစ်ချက်တော့ စဉ်းစားရတယ်။

လက်ချည်းသက်သက်ထက်စာရင် ဒီလောက်ရတော့ မဆိုးဘူးပေါ့။ ကျွန်တော်ကိုလည်း ပြန်ယူရမှာပဲ။

"လေးသောင်းတော့ ပေးကွာ..."

"မရဘူး သုံးသောင်းပဲ..."

"ရပါတယ်လေ..."

သူ ဘာမှဆက်မပြောဘဲ ကျေနပ်လိုက်တယ်။ ကျွန်တော့်ပိုက်ဆံကို ဘယ်လိုနည်းနဲ့ ပြန်ယူရင် ရမလဲလို့ စဉ်းစားတော့ နည်းတွေ့သွားတယ်။ ဟုတ်တယ်။ ဘောလုံးပွဲနဲ့ပဲ ပြန်ယူရမယ်။ ဘယ်လိုနည်းနဲ့လဲဆိုတာ သိချင်ရင် ညဏ်လုံးကန်ခြင်း (နှစ်)ကို ဖတ်ပေါ့။

❐

mgyoe.com

## ညကျော်လုံးကန်ခြင်း (နှစ်)

သူ့မိန်းမဟာ ဘောလုံးကန်တာနဲ့ ပတ်သက်လို့ ဘာမှ ဗဟုသုတ မရှိဘူးဆိုတာ သူအသိဆုံးပါပဲ။ သူ့မိန်းမ လေဒီချပ်ပြားကို ဘောလုံး အကြောင်း ပြောပြရတာဟာ မျောက်ကို ပဋ္ဌိစ္စသမုပ္ပာဒ်အကြောင်း ဟော ရတာထက် ပိုခက်တယ်။ မော်ရင်ဟိုတို့ ဖာဂူဆန်တို့ အာစင်ဝင်းဂါးတို့ကို သဃ်န်းကျွန်းဘူတာက ကုလားတွေလို့ ထင်နေတာ။ တီဗက်ဇ်၊ ရွန်နီ၊ လမ်းပတ်၊ ဂျရတ်၊ ကာကာတို့ကို မသိဘူး။ ဒေးဗစ်ဘက်ခမ်းကိုတော့ နာမည်ကြီးလွန်းလို့ ကြားဖူးတယ်။ ရောနယ်ဒိုကိုလည်း ကြားဖူးတယ်။ ဒါပေမဲ့ ဘရာဇီးက ရော်နယ်ဒိုနဲ့ မန်ယူက ရော်နယ်ဒိုကို မကွဲဘူး။

အနီရောင်အင်္ကျီဝတ်ရင် မန်ယူအသင်းပဲလို့ ထင်ပြီး အားပေးရင် လည်း အနီရောင်အင်္ကျီတွေဘက်ချည်းပဲ။ ဒီလောက်ဆိုရင် သိရောပေါ့။ ကျန်တာတွေကို ပြောမနေတော့ဘူး။ ဒီတော့ လေဒီချပ်ပြားနဲ့ ဘောလုံးပွဲ


mgyoe.com

mgyoe.com

လောင်းရင်း ပါသွားတဲ့ပိုက်ဆံ ခုနစ်သောင်းကို ပြန်ရအောင်လုပ်ဖို့ အစီအစဉ်က ချောနေတာပေါ့။

အိမ်ရှေ့ဧည့်ခန်းမှာ ပိုက်ဆံတွေရေနေတဲ့ သူ့ကိုတွေ့တော့ လေဒီချပ်ပြားက တစ်ချက်လှမ်းကြည့်ပြီး အိမ်ရှေ့မှာ ဘုရားပန်းသွားထားရင်း ပြန်လာတော့မှ ဟိုလိုဒီလိုနဲ့ ဝင်ထိုင်ပြီး မေးတယ်။

"ပိုက်ဆံတွေ များလှချည်လား"

"အင်း... ညက ဘောလုံးပွဲနိုင်တာ"

"ဟာ... တယ်ဟုတ်ပါလား၊ ဘယ်လောက်နိုင်သလဲဟင်"

"ငါးသောင်းလောက်ပဲ နိုင်တာပေါ့၊ မင်းက ပိုက်ဆံတွေ သိမ်းထားတာကိုး၊ သုံးသောင်းထဲနဲ့ ကစားရတာဆိုတော့ ဒီလောက်ပဲ ရတာပေါ့၊ သိမ်းထားတဲ့ငွေနဲ့သာဆိုရင် အနည်းဆုံး (၂) သိန်းလောက် ရမှာ"

"အို... တော်ပါပြီ ဒီလောက်ရလည်း နည်းလား တော်ပြီပေါ့..."

စိတ်ထဲကနေ နှာခေါင်းရှုံ့ပြီး လေဒီချပ်ပြားကို Tom and Jerry ထဲက ကြွက်က ကြောင်ကို မြေကြီးထဲတိုးဝင်သွားအောင် ထုသလို ထုပစ်လိုက်တယ်။ ဒါပေမဲ့ တဖျပ်ဖျပ်ရေနေတဲ့ သူ့ပိုက်ဆံတွေကို ငေးကြည့်နေတာမြင်တော့ သူ့ဆင်လုံးဝင်ပြီဆိုပြီး ပီတိတော့ဖြစ်ရတယ်။ လူဆိုတာ လောဘသားကောင် မဟုတ်လား။ လေဒီချပ်ပြားက ဘာသားနဲ့ ထုထားတာမှတ်လို့လဲ။

ဒါပေမဲ့ လေဒီချပ်ပြားရှေ့မှာ ဒီလို ငွေတွေရှိတယ်ဆိုတာကို ပြရတာ အန္တရာယ်ရှိပါတယ်၊ သူ့ဆီကရောက်နေတဲ့ ငွေခုနစ်သောင်းကို ပြန်ပေးဖို့ မလိုတော့ဘူးလို့ လေဒီချပ်ပြားက တွက်မှာ ကျိန်းသေပဲလေ။


mgyoe.com

"မနက်ဖြန်တော့ မသွားတော့ဘူးကွာ၊ အိမ်မှာပဲ အေးအေးဆေးဆေး နေတော့မယ်"

"ဟင်… ဘာဖြစ်လို့လဲ"

"မနက်ဖြန်ဆို ကိုယ် ရှုံးတော့မှာကွ၊ အိမ်မှာပဲ အေးအေးဆေးဆေး စိတ်ကူးနဲ့ပဲ လောင်းတော့မယ်"

"ဟုတ်တယ် အဲဒါပဲကောင်းတယ်"

လေဒီချပ်ပြားက မဲ့ပြုံးကလေးပြုံးရင်း ပြောပြီး ထသွားတယ်။ သူ့ဆီမှာ ငွေရှိနေပြီမို့ လေဒီချပ်ပြား အပိုင်စီးထားတဲ့ပိုက်ဆံဟာ သူနဲ့ ပိုဝေးနေသလိုပဲ။ ဒါပေမဲ့ ဒီညမှာ စပြီး သူ့စိမ်ကိန်းကို စမှာမို့ သက်သက်သာသာပဲ ရှိပါတယ်။

ညရောက်တော့ ဘောလုံးပွဲသွားကြည့်ရင် ကောင်းမလားလို့ သူက စကားစတယ်။ လေဒီချပ်ပြားက ချဉ်ပေါင်ရွက်ကြော်ကို ထမင်းနဲ့ နယ်၊ ငါးပိရည်တွေဆမ်း၊ ဒညင်းသီးဆားရည်စိမ်ကို မြှုပ်၊ ကြက်ဥကြော်ကို အပေါ်ကအုပ်ပြီး အားရပါးရ ထမင်းတစ်လုတ်ကို လွေးပစ်လိုက်တယ်။ သူ့ဆီကို စကားမပြန်ဘူး။ သူ့ဘာသူ ညည်းသလိုပြောတဲ့စကားမို့ လိုက်လာတဲ့စကားဆက် မရှိတော့ သူလည်း ဘာဆက်ပြောရမှန်း မသိဘူး။

"အင်း… မသွားတော့ပါဘူး၊ ဒါပေမဲ့ ဒီနေ့ မော်ရင်ဟိုပဲ နိုင်မှာပဲ"

"မော်ရင်ဟိုနဲ့ ဘာအသင်းနဲ့လဲ"

"ဘာမင်ဂမ်အသင်းနဲ့"

စိတ်မပါသလို ပြန်ဖြေရင်း သူ ထမင်းဆက်စားနေလိုက်တယ်။ ပြီးတော့ စိတ်ထဲကလည်း ကျိတ်ပြုံးမိတယ်။ ကြည့်ပါလား။ သူ့မိန်းမက 'မော်ရင်ဟို' ဆိုတာကို အသင်းရဲ့နာမည်လို့ ထင်နေတာ။

"ဘာမင်ဂမ်ဆိုတာ ဘယ်အသင်းလဲ"

"အင်း ဘာမင်ဂမ်ဆိုတာက နည်းနည်းညံ့တဲ့ အသင်းပေါ့၊ မော်ရင်ဟိုက အိမ်ကွင်းမှာဆိုတော့ ကျိန်းသေနိုင်အောင် ကစားမှာ"

သူ့စကားဆုံးတော့ စကားသံက ပြန်တိတ်သွားပြန်ရော။ သူထမင်းကို လက်စသတ်ပြီး ရေသောက်တုန်း သူ့မိန်းမဆီက စကားသံကို ကြား:ရတယ်။

"ဘာလဲ သွားကြည့်ဦးမလို့လား"

"အင်း... ခဏသွားကြည့်မလားလို့"

"မသွားပါနဲ့... တော်ကြာ ပြန်ကစားမိနေဦးမယ်၊ အိမ်မှာပဲ ကြည့်ပေါ့..."

"ဘောလုံးပွဲဆိုတာ ဒီအတိုင်းကြည့်ရင် ပျင်းစရာကြီးကွ ကြေးလေးပါမှ"

"ဒါဆို ကလေးနဲ့ လောင်းမယ်လေ"

ဒါနဲ့ပဲ သူနဲ့ သူ့မိန်းမ လေဒီချုပ်ပြားတို့ လောင်းဖြစ်သွားတယ်။ သူက ဘာမင်ဂမ်ယူရပြီး သူ့မိန်းမ လေဒီချုပ်ပြားက မော်ရင်ဟိုကို ယူပါတယ်။ ချယ်လ်ဆီးက ပိုကောင်းလို့တွေ ဘာတွေ မရှိပါဘူး။ မော်ရင်ဟိုလို့ အရင်ပြောခဲ့လို့ လေဒီချုပ်ပြားက ချယ်လ်ဆီးကို ယူတာပါ။

ပွဲစလို့ (၁၅) မိနစ်လောက်မှာ ဘာမင်ဂမ်က ဖော်ဆဲလ်က ခေါင်းတိုက်ပြီး သွင်းသွားတော့ လေဒီချုပ်ပြားက ပြဿနာရှာတယ်။ သူ့ကို ညာချတယ်။ သူ ဟိုဘက်အသင်းမှာပဲ နေတော့မယ် ဘာညာပေါ့။ သူကလည်း မရတော့တဲ့အကြောင်း၊ ကိုယ်ကြိုက်တာ ကိုယ်ရွေးတာလို့ ပြန်ငြင်းနေတုန်းမှာပဲ ချယ်လ်ဆီးက ပီဇာရိုက ချေပဂိုးပြန်သွင်းသွားလို့ လေဒီ

ကြောင်နှစ်ကောင်စာအုပ်တိုက်

mgyoe.com

mgyee.com

ချပ်ပြား ငြိမ်သွားတယ်။ ချယ်လ်ဆီးက ချေပဂိုးသွင်းပြီးတော့ ကစားတာ ပိုသွက်ပြီး ကောင်းလာပါတယ်။ ကြည့်နေရင်းမှာပဲ မာလူဒါနဲ့ ကာလူးတို့ အပေးအယူနဲ့ မာလူဒါသွင်းသွားတော့ လေဒီချပ်ပြား ထခုန်တယ်။ သူ နိုင်ပြီဆိုပြီး ပိုက်ဆံထုတ်ဖို့ ပြောတယ်။ သူပျော်နေတဲ့ အပျော်က (၈) မိနစ်လောက်ပဲ ခံပါတယ်။ ကာပိုက ဇရိယာထိပ်က ကန်သွင်းသွားလို့ ချေပဂိုး ဘာမင်ဂမ်က ပြန်ရတယ်။ လေဒီချပ်ပြား ပါးစပ်ပိတ် ဂျိတ်။

ဒုတိယပိုင်း ပွဲစလို့ ခဏလေးမှာပဲ ချယ်လ်ဆီးအသင်းက အနိုင်ဂိုး ပြန်သွင်းသွားတယ်။ နောက်ပိုင်း ဘာမင်ဂမ်အသင်းက ပြန်သွင်းမလို သွင်းမလိုနဲ့ပဲ ပွဲပြီးသွားတယ် မဂေတ်လား။ လေဒီချပ်ပြားက သူနိုင်တဲ့ ပိုက်ဆံတွေကို ရေတွက်ရင်း ပျော်နေတယ်။ ရင်တထိတ်ထိတ်နဲ့ ကြည့်ရလို့ နှလုံးရောဂါရသွားနိုင်တယ်လို့ မသက်မသာ ပြောသေးတယ်။ 'Begining Luck' ပေါ့လေ။ လောင်းကစားမှာ ဘယ်သူမဆို အစပိုင်း ကံကောင်းတတ်ကြပါတယ်။ သူကလည်း အဲဒါကိုပဲ သဘောကျတယ်။ ဒါမှ နောက်ပွဲတွေ စည်းရုံးလို့ လွယ်မှာကိုး။

နောက်တစ်နေ့ပွဲက မန်ယူနဲ့ ရီးဒင်းပါ။ ဂိုးမရှိ သရေကျသွားတယ်။ အဲဒီအကြောင်းကို အိမ်ကိုလာလည်တဲ့ Forever ဘောလုံးမဂ္ဂဇင်းရဲ့ ဒီဇိုင်နာ မျိုးဆွေသန်း (MST) ကို လေဒီချပ်ပြားက ပြောပြတော့ MST က...

"ဟ... နင် ရှုံးနေလားဟ၊ ရီးဒင်းဘက် နေရတယ်လို့၊ ပြော် ခက်တာပဲ ရီးဒင်းဘက်ကနေရင်လည်း နင် နိုင်ရမှာပေါ့ဟ၊ သရေလေ... သရေဆို အရှုံးပဲဟာ၊ မတော်မတဲ့ ပေါက်ကရတွေပါလားဟ..."

MST ပြန်သွားတော့ လေဒီချပ်ပြားက သူ့ကို ကပ် ပိုက်ဆံပြန်တောင်း တယ်။ ရီးဒင်းက မန်ယူထက်နိမ့်တယ် ဆိုတာကိုလည်း သိသွားတယ်။

mgyee.com

mgyoe.com

သူ့အပိုင် မန်ယူအိမ်ကွင်းဘက်က နေတာတောင် ပိုက်ဆံမရဘူး။ တော်သေးတာပေါ့ … နားလည်တဲ့လူနဲ့သာဆို ရှုံးဦးမှာ။ ဒီကတည်းက လေဒီချပ်ပြား ပါးစပ်ထဲမှာ သရေအရှုံး ဆိုတဲ့ ဘောလုံးဝေါဟာရတစ်ခု ရောက်လာတယ်။

နောက်တစ်ပွဲကတော့ ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်တဲ့ ချယ်လ်ဆီးနဲ့ ရီစင်ဘော့ဂ်ပါ။ ဒီတစ်ခါတော့ လေဒီချပ်ပြားက မော်ရင်ဟိုဘက်ကနေ မနေတော့ပါဘူး။ ရီစင်ဘော့ဂ်ဘက်ကပဲ နေတော့တယ်။ မော်ရင်ဟိုက သိပ်စိတ်မချရဘူးတဲ့။ သူ့ဘက်နေရတာ ရင်တုန်တယ်တဲ့။ သူက ရီစင်ဘော့ဂ်ဘက်ကပဲတဲ့။ ပြီးတော့ သရေအရှုံးတဲ့။ သူ့မှာ သဘောတွေ ဘာတွေကျလို့ပေါ့။ ဒါနဲ့ သူက ကြေးကို တော်တော်လေးမြှင့်လိုက်တယ်။ လေဒီချပ်ပြားကလည်း OK ပဲတဲ့။ ချယ်လ်ဆီးက အိမ်ကွင်း၊ ပြီးတော့ ရီစင်ဘော့ဂ်ထက်လည်း အများကြီးသာတယ်။ နိုင်ပွဲမရလို့ မျက်နှာပျက်နေတဲ့ မော်ရင်ဟိုဟာ သူ့အိမ်ကွင်းမှာတော့ ဘယ်နည်းနဲ့မှ အရှုံးခံမှာ မဟုတ်ဘူးဆိုတာ ကျိန်းသေပဲမဟုတ်လား။

ဒါပေမဲ့ ဘောလုံးပွဲစတော့ ချယ်လ်ဆီးကို ဘီလူးပဲစီးနေသလား။ သရဲပဲစီးနေသလားတော့ မသိဘူးဗျာ။ သူ့ချယ်လ်ဆီးဟာ တလွဲတွေချည်းပဲ။ ပွဲလည်းပြီးရော ချယ်လ်ဆီးနဲ့ ရီစင်ဘော့ဂ် သရေကျသွားရော လေဒီချပ်ပြားကတော့ ခုန်ပေါက်လို့ပေါ့လေ။ သူလည်း တော်တော်လေးထိသွားတယ်။ အဲဒီနေ့က လေဒီချပ်ပြားက သူ့ကို ဆိတ်သားကိုပြုတ်၊ ပါးပါးလေးလှီးပြီး ငရုတ်သီးနဲ့ပြန်ကြော်တဲ့ ဟင်းရယ်၊ မုန်လာဥချည်ရည်ဟင်းရယ်နဲ့ ကျွေးပါတယ်။ နောက်နေ့အတွက်ဆိုပြီး ချက်ထားတဲ့ ကြက်သားပြုတ်ကြော်ထဲက ကြက်သားဖတ်ကလေးတွေနွှင်ပြီး သံပရာသီး ကလေးညှစ်၊ ကြက်သွန်နီနိုင်နိုင်ကလေးနဲ့ သုပ်ထားတာတောင် ပါလိုက်သေး။


mgyoe.com

သီတင်းကျွတ်အတွက် ဝယ်လာတဲ့ ရယ်ဒီမိတ်အင်္ကျီ (၂) ထည်ကိုလည်း သူ့ကိုပြတယ်။ မော်ရင်ဟိုအင်္ကျီတွေတဲ့။ သူကတော့ ပုဆိုးခြုံထဲက လက်သီးကြီးနဲ့ပဲပေါ့လေ။ နောက်တစ်ပွဲကတော့ ချယ်လ်ဆီးနဲ့ ဗီလာနဲ့ပွဲပါ။ ဗီလာတွေရဲ့ အိမ်ကွင်း ဆိုပေမယ့် ဒီတစ်ကြိမ်ကတော့ ချယ်လ်ဆီးအတွက် သိပ်သေချာတဲ့ပွဲပါ။ ချယ်လ်ဆီးက အဆင့် (၃) မှာရှိပြီး ဗီလာက အဆင့် (၁၄) မှာ ရပ်တည်နေတာပါ။ ပြီးတော့ လေဒီချပ်ပြားရဲ့ထုံးစံအတိုင်း သရေအရှုံးတဲ့ ကဲ...။ ဗီလာဘက်က သူ့မိန်းမကလွဲပြီး ဘယ်သူမှနေမှာ မဟုတ်ပါဘူး။ သရေအရှုံးဆိုတဲ့ စကားလုံးလေးပေးသွားတဲ့ MST ကိုလည်း ကျေးဇူးတင်ရမလို ဖြစ်နေတယ်။ သူ့စိတ်ထဲမှာ မတရားဘူးလို့ ထင်လာလို့ ပြင်ပြောရတယ်။

"သရေအရှုံးတော့ မလုပ်ပါနဲ့ကွာ လယ်ပယ်ပဲ ကစားပါ"

"ဟင့်အင်း... မရဘူး... သရေအရှုံးပဲ"

"ဒါဆို သရေကျရင် ဘယ်သူရှုံးတာလဲ"

"သရေကျရင် ကလေးရှုံးတာပေါ့"

"ဘယ်ဟုတ်မလဲ သရေကျရင်..."

"တော်ပြီ... သရေအရှုံးမရရင် မကစားတော့ဘူး..."

သူ့မှာ ပါးစပ်ထဲအရောက် စားရိတ်ငြိမ်းပို့နေတဲ့ အသားတုံးကြီးလွတ်မသွားရအောင် အတင်းကို သရေအရှုံးနဲ့ ကစားလိုက်ရတယ်။ ရှုံးထားတာတွေ ပြန်ရဖို့၊ အမြတ်ပါ ထပ်ထွက်ဖို့အတွက် ရှိသမျှ ကျန်သမျှတွေ ပုံအောပေးလိုက်တယ်။

ပွဲက မထင်မှတ်ဘဲ ပွဲကောင်းတစ်ပွဲဖြစ်သွားတယ်။ ချယ်လ်ဆီးက အားကြိုးမာန်တက် ဖိပေမယ့် ဒရော့ဂ်ဘာရော၊ ရိုက်ဖီးလစ်ရော၊ တယ်ရီ



mgme.com

mgyoe.com

ရော လွဲနေကြတယ်။ လေဒီချပ်ပြားလဲ ပါးစပ်ကြီးကို ပြဲလို့ပေါ့။ ဒါပေမဲ့ ဗီလာကလည်း အိမ်ကွင်းမို့ထင်ပါရဲ့ ဖွင့်ကစားလာတယ်။ ချယ်လ်ဆီးတွေ ဖိထားပေမယ့် ဂိုးမဝင်တာကိုက ဗီလာတွေအတွက် အားတက်စရာ သတ္တိရှိစရာတွေ ဖြစ်လာပြီး သူတစ်ပြန် ကိုယ်တစ်ပြန်နဲ့ ပထမပိုင်းပြီးတယ်။

ဒုတိယပိုင်းစတော့ ဘာမှ မကြာသေးခင်မှာပဲ ထောင့်ကန်ဘောက နေပြီး လုံးဝ ထင်မှတ်မထားဘဲ ဇက်နိုက်က ခေါင်းတိုက်သွင်းသွားတယ်။ ဗီလာတွေနဲ့အတူ လေဒီချပ်ပြားလည်း အော်ပါတယ်။ မော်ရင်ဟိုလည်း ပြာ... သူလည်း ပြာပေါ့... မော်ရင်ဟိုကမှ ပီဇာရို၊ ဂျိုကိုးလ်၊ ကာလူး တို့ကို ပြောင်းလို့ရသေးတယ်။ သူကတော့ ငုတ်တုတ်ပြာပါ။ ပွဲပြီးချိန်က နီးနီးလာတယ်။ ချယ်လ်ဆီးတွေ ပိုပြာလာတယ်။ ပိုမှားလာတယ်။ အဖိခံ ထားရတဲ့ ဗီလာက တစ်ချက် တက်အဖောက်မှာ အက်ရှ်လေယန်းရဲ့ ပြန်အံထွက်လာတဲ့ ဘောကို အဘွန်လဟောက ပိတ်လိုက်လို့ ဗီလာတွေနဲ့ အတူ လေဒီချပ်ပြား အော်ပစ်လိုက်တာများ...။

သူ ဘာစကားမှ မပြောနိုင်ဘူး။

အမှန်တော့ သူ့မကောင်းမှုက စခဲ့တာ မဟုတ်လား။ ငွေတစ်သိန်း ကို သူ့အိတ်ထဲ သူ့အံဆွဲထဲ အသာထည့်ထားရင် ရရဲ့သားနဲ့ သွားဖွက် မိတာ။ ပြီးတော့ ဘောလုံးပွဲနိုင်လာတယ်လို့ လေဒီချပ်ပြားကို ဆွယ်ဖို့ အတွက် သူငယ်ချင်းဆီက ဆွဲထားတဲ့ ပိုက်ဆံလေးသောင်းပါထပ်ပါသွား တာတွေကို ပြန်စဉ်းစားပြီး ဘာကို ဒေါကန်ရမှန်းမသိ ဖြစ်နေတယ်။

သူတို့လင်မယား အလောင်းအစားကို မော်ရင်ဟိုလည်း သိမှာ မဟုတ်ပါဘူး။ သိနိုင်ဦးတော့ လေဒီချပ်ပြားနိုင်ပြီး ချယ်လ်ဆီးက သူ ထွက်ရလောက်အောင် မလုပ်ပါဘူး (လေဒီချပ်ပြားက သူ့ရည်းစားမှာ ကြောင်နှစ်ကောင်စာအုပ်တိုက်

mgyoe.com


mgyoe.com

မဟုတ်တာ) လေဒီချပ်ပြားရဲ့ Begining Luck ကလည်း Luck Luck လွန်းတယ်။ အဲဒီမှာပဲ လေဒီချပ်ပြားက အိပ်မက်တိတ္ထံ့ဆိုတဲ့ ကျမ်းထဲက သူ့နေ့နဲ့တွက်ပြီး ခရေပန်းပန်ပြီး ပွဲကြည့်လို့ နိုင်တာတဲ့။ ပိုက်ဆံတွေ တစ်ထပ်ကြီးကို ရေတွက်ရင်းက ပြောနေတယ်။ ဘာပဲပြောပြော သူ တင့်တယ်သွားပြီပေါ့လေ။ လိမ်လိမ်မာမာကလေးနေပြီး ပိုက်ဆံအနည်း အကျဉ်းပြန်တောင်းဖို့ စိတ်ကူးထားလို့ သူ စကားတစ်ခွန်းမှ မဟခဲ့ဘူး။ တကယ်တော့ သူ့ 'ဉာဏ်ဘောလုံး' က လေဒီချပ်ပြားရဲ့ 'ကံဘောလုံး' ကို မနိုင်ခဲ့တာပါ။ သူလွဲခဲ့သမျှ အလွဲတွေထဲမှာ ဒီတစ်ခါအလွဲက ရင်အခံရဆုံး နဲ့ ငွေအကုန်ရဆုံးပါပဲလို့ စိတ်ကိုဖြေရင်း...။

❐

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အက်(ဖ)အီးဆီ (တစ်...)

အကျိုးနဲ့ အကြောင်းနဲ့ ဖွဲ့စည်းထားတဲ့ လူ့လောကကြီးမှာ အဖြစ်အပျက်တစ်ခုဟာ ဖြစ်သင့်တဲ့အတိုင်း မဖြစ်ဘဲ သူ့ဘာသာ ဖြစ်ချင်သလို ဖြစ်သွားတာကို 'လွဲတယ်' လို့ လူတွေက ပြောကြ လက်ခံထားကြပါတယ်။

အဲဒီ... 'လွဲတယ်' လို့ လက်ခံထားတာက ဖြစ်သင့်တဲ့အတိုင်း ဖြစ်မလာဘဲ ရလဒ်က ဖြစ်ချင်တာ ဖြစ်သွားတာကို ဆိုလိုတာပါ။ ရလဒ်မှားတယ် ဆိုပါတော့။ ဒါပေမဲ့ အဲဒီရလဒ်အမှားကိုတော့ တိတိကျကျကြီးကို ဖြစ်ရတာပါ။ ဒါကြောင့်မို့ လွဲသွားတယ် ဆိုတာက ရလဒ်ပါ။ အဖြစ်အပျက်ကတော့ သဘာဝလည်းကျ တိကျမှုလည်း သိပ်ရှိပါတယ်။

ကျွန်တော်ကတော့ တစ်ခုခုလွဲသွားပြီဆိုရင် ဘာဖြစ်လို့ လွဲရတာလဲ ဆိုတာ သေသေချာချာလေ့လာတယ်။ ဒီလိုဖြစ်ရမှာ ဘာဖြစ်လို့ ဟိုလို ဖြစ်သွားရတာလဲ ဆိုတာကို ရအောင်လိုက်လေ့ ရှိပါတယ်။ ကိုယ့်ဆရာ



mgyoe.com

mgyoe.com

လည်း သိတဲ့အတိုင်း ကျွန်တော်က ကျွန်တော်ရောက်ခဲ့တဲ့ နယ်ပယ်တွေမှာ တစ်ခုမဟုတ် တစ်ခု အမြဲလွဲနေတတ်ပါတယ်။ ကျွန်တော်လွဲရင် လွဲ၊ မလွဲရင် ကျွန်တော်နဲ့ပတ်သက်တဲ့လူတွေ လွဲတတ်ပါတယ်။

ကျွန်တော်နဲ့ ရေရှည်ပတ်သက်မယ်ဆိုရင် 'ဒါလေးတစ်ခုတော့ ခွင့်လွှတ်စေချင်တယ်' လို့ ပြောရမလို ဖြစ်နေတယ်။ ကျွန်တော့်အတွက် တော့ ကိစ္စ သိပ်မရှိလှဘူးပေါ့လေ။ တစ်ခုလွဲ တစ်ပုဒ်ရဆိုတော့ လက်ငင်း လည်း ပိုက်ဆံရ၊ စာမူလည်း စုပြီးသားဖြစ်၊ ကျွန်တော်နဲ့ပတ်သက်တဲ့ လူတွေအကြောင်းလည်း မှတ်တမ်းတင်ပြီးသားဖြစ်ရော မဟုတ်လား။

အဲဒီအချက် (၃) ချက်မှာ နောက်ဆုံးအချက်ဟာ ကျွန်တော့်အတွက် အရေးအကြီးဆုံး တန်ဖိုးအထားဆုံး အမှတ်တရအဖြစ်နိုင်ဆုံး အချက်ပါ။

ကျွန်တော် ကျင်လည်ခဲ့ဖူးတဲ့ ရပ်ကွက်စာရေးဘဝတုန်းက နယ်ပယ်၊ စာရေးဆရာပေါက်စ နယ်ပယ်၊ ဇာတ်ညွှန်းရေးဆရာတစ်ယောက် နယ်ပယ်၊ ရပ်ကွက်ထဲမှာ သာမန်လူလို နေထိုင်ရတဲ့ နယ်ပယ်တွေမှာ တွေ့ရတတ်တဲ့ အလွဲတွေကို ကျွန်တော်က စနစ်တကျ မှတ်တမ်းတင်သူ ဖြစ်လာလို့ပါပဲ။

ကျွန်တော်နဲ့ပတ်သက်ပြီး လွဲခဲ့ကြတဲ့ နယ်ပယ်အသီးသီးက လူတွေ ဟာ ဒီနေ့ခေတ်ပြိုင်မှာ နေထိုင်အသက်ရှင်နေကြသူတွေမို့ သူတို့ဂုဏ်သိက္ခာ၊ အနုပညာ စတာတွေကို မထိခိုက်ရင် ကျွန်တော့်အလွဲစင်မှာ တင်ဖြစ်ပါ တယ်။

ဖတ်ပြီးသွားတော့ သူတို့လည်း ရယ်ကြရတယ်။ သူတို့နဲ့ သိတဲ့ နယ်ပယ်မှာလည်း ဒီလိုပါလား ဆိုတာကို သိသွားကြတယ်။ လူစုံရင် နှုတ်နဲ့ပြောပြီး ပျောက်သွားတာမျိုး၊ မဟုတ်ဘဲ စာနဲ့ပေနဲ့ အမှတ်တရကလေး လည်း ဖြစ်သွားတတ်ပါတယ်။



mgyoe.com

 mgyoe.com 

အခုလည်း ကျွန်တော်နဲ့ အပတ်စဉ် ဆက်ဆံနေရပြီဖြစ်တဲ့ F/E ရဲ့အလွဲလေးတစ်ခုကို ပြောချင်ပါတယ်။ ကျွန်တော်က Forever ကို အတိုကောက်အနေနဲ့ အက်(ဖ)အီးလို့ ခေါ်ပါတယ်။ ကျွန်တော် အက်(ဖ) အီးမှာ ဝင်ရေးဖြစ်တဲ့ အကြောင်းအရာကတော့ သူငယ်ချင်းအရင်းကြီး ဖြစ်တဲ့ မောင်မျိုးဆွေသန်းက 'ဟေ့ကောင်… ရေးဟ' ဆိုတာနဲ့ ရေးဖြစ် သွားတာပါ။

တကယ်တော့ အားကစားနဲ့ပတ်သက်လို့က ကျွန်တော့်မှာ ဘာ အတွေ့အကြုံမှ သိပ်ရှိလှတာ မဟုတ်ပါဘူး။ ဒါကိုပဲ မောင်မျိုးဆွေသန်းက 'မင်းမကန်ဖူးလည်း ဘောလုံးပွဲတွေတော့ ကြည့်တယ် မဟုတ်လားဟ… အဲဒါရေးပေါ့… ငါက ဘာရေးပါ ပြောနေရဦးမလား' လို့ အညာလေနဲ့ ဟောက်တာနဲ့ ရေးဖြစ်တာပါ။

ထားပါ။ အဲဒီအကြောင်းတွေက နောက်မှပဲ ခေါင်းစဉ်တစ်ခုနဲ့ ရေးတော့မယ်။ အခု ကျွန်တော်ရေးမှာက အက်(ဖ်)အီးကနေ ကျွန်တော့် ဆီကို စာမူလာယူ လာပို့တဲ့ ကိုကျော်ဌေးသိန်းတို့ အဖွဲ့အကြောင်းပါ။ ဂျာနယ်ထဲမှာ ထည့်ထားတဲ့အတိုင်း ခေါ်ရရင်တော့ Marketing Teams ပေါ့လေ။

ကိုကျော်ဌေးသိန်းက ကျော်ဟိန်းလို လမ်းလျှောက်တတ်ပြီး ထွန်းထွန်း နိုင်လို ခေါင်းကလေးငုံ့ပြီး ရယ်တတ်တဲ့သူပါ။ တချို့ အင်္ဂါနေ့မနက် တွေမှာ သူ့ကို အိပ်မက်မမက်ရတဲ့ အိပ်ချင်မူးတူးမျက်လုံးတွေနဲ့ တွေ့ရ တတ်ပြီး တချို့နေ့တွေမှာတော့ ပန်း အခုမှပန်ထားတဲ့ အပျိုမလေးတစ် ယောက်လို ရွှင်ရွှင်လန်းလန်းနဲ့ တွေ့ရတတ်ပါတယ်။

ကိုကျော်ဌေးသိန်း လာတာကို တွေ့ရင် ကျွန်တော့်ထက် ကျွန်တော့်



mgyoe.com

mgyoe.com

ဇနီး လေဒီချပ်ပြားက ပိုပျော်ပါတယ်။ ကျွန်တော့်ဘာမူခထဲက သူက မုန့်ဖိုး ရလေ့ရှိတာကိုး။ ကျွန်တော့်ရဲ့သားငတိကလည်း ပျော်ပါတယ်။ သူလည်း မုန့်ဖိုးရတာကိုး။ ဒီတော့ 'ဖော်အဲဒါး' လို့ အကျယ်ကြီးအော်တတ်တယ်။

အဲဒီနေ့က ကျွန်တော် အပျင်းပြေဆိုပြီး လမ်းထိပ်မှာ ထွက်မတ်တတ် ရပ်နေတုန်း ကျွန်တော်တို့လမ်းထဲကို နီညိုရောင် Life Ace ကားလေး တစ်စင်း ဝင်လာတယ်။ (အဲဒီကားအမျိုးအစား ဟုတ်ချင်မှ ဟုတ်မှာပါ။ ကျွန်တော်က ကားတွေအကြောင်း သိပ်မသိလို့၊ မှားရင်လည်း အောက်ခြေ မှတ်စုနဲ့ ပြင်ထည့်လိုက်ပါတော့ခင်ဗျား)

ကျွန်တော်နေတဲ့ မေတ္တာလမ်းက လမ်းတစ်ဖက်ပိတ်ဆိုတော့ လမ်းထဲ ဝင်လာတဲ့ကားဆိုရင် အားလုံးက ကြည့်ကြတာ များတယ်။ ကျွန်တော် လှမ်းကြည့်တော့ ကားခေါင်းခန်းမှာ ကိုကျော်ဌေးသိန်းကို ထွန်းထွန်းနိုင် အပြုံးနဲ့ ခေါင်းခန်းမှာ တွေ့လိုက်ရပါတယ်။ သူတို့အဖွဲ့ကလည်း ဘေးက ပြုံးလို့ပေါ့လေ။

"ဆရာ လမ်းထိပ်မှာ ကျွန်တော်တို့လာမယ်မှန်း သိလို့ စောင့်နေ တာလား"

"ဒါပေါ့... အပေးအယူကို ဒီမှာပဲလုပ်ကြရင် ကောင်းမယ်ထင်တယ်၊ အိမ်မှာဆိုရင် ရာဇဝတ်တွေ ရှိတယ်"

"ကိုရဲကလည်း ဘောလုံးပွဲတွေလိုပဲ တစ်ပုဒ် ပြားသုံးဆယ်တွေ ဘာတွေ လုပ်ပေါ့"

"မရဘူးဗျ... သူတို့က ပေါက်ဈေးကြီးတယ်၊ တစ်ဂိုးမှ သရေ လောက်ရှိတာ..."

ကျွန်တော်တို့ နှုတ်ဆက်စကားတွေနဲ့အတူ အပြန်အလှန် ရယ်ပြီး



mgyoe.com

mgyoe.com

လိုက်ကြတယ်။ ကျွန်တော် ရယ်ရင်းနဲ့ပဲ ကားကိုကြည့်တော့ ကားက တစ်ကိုယ်လုံး ဖုန်တွေအလိမ်းလိမ်းကပ်လို့… ရှေ့ခေါင်းခန်း အမိုးမှာလည်း ငှက်ချေးတွေပေလို့ ကျွန်တော် ကားဘော်ဒီပေါ်က ဖုန်တွေကို လက်ညှိုးနဲ့ တို့ကြည့်တော့…

"ဘာမှ မလုပ်ရသေးဘူးဗျ၊ ဒီကောင့်ကို အခုမှ ထုတ်လာတာ"

"အခုမှ ထုတ်လာတာ…"

"ဟုတ်တယ် ကိုရဲရ… လိုင်စင်ရုံးက နံပါတ်တွေ ဘာတွေ ဒီနေ့မှ ကျလို့ ထုတ်လာတာ၊ အပြန် ကိုရဲဆီ ဝင်ခဲ့တာ၊ မြို့ထဲရောက်မှပဲ ဘော်ဒီတွေ ဘာတွေ ရေဆေးရတော့မှာ…"

အားတက်သရောပြောနေတဲ့ ကိုကျော်ဌေးသိန်းကြောင့် ကျွန်တော် လည်း ကားကို လျှောက်ကြည့်ရတယ်။ ရှေ့ခန်းမှာလည်း ဖုန်တွေက ဝင်နေတာပါပဲ။ အဲဒါကလွဲလို့ ဘာမှလည်း မသိပါဘူး။

"Air Con လည်း ပါတယ်ဗျို့၊ ကက်ဆက်ကရော ကောင်းရဲ့လား"

"ဟာ… ကောင်းတယ်ဗျ၊ စမ်းပြီးမှ ယူလာတာ၊ အားလုံး OK ပဲ၊ အရောင်တင်လိုက်ရင် OK သွားမှာ"

"အေးဗျာ… ကိုကျော်တို့ စာအုပ်လုပ်ငန်းနဲ့ ကိုက်ပါတယ်၊ နောက်က အမိုးတင်လိုက်ပေါ့ဗျ…"

"ဒါကတော့ Boss သဘောပေါ့ဗျာ…"

စကားဆုံးတော့ ကိုကျော်က ထွန်းထွန်းနိုင်ရယ်သလို ရယ်ပါတယ်။ ဘာကိုရယ်တာမှန်း မသိပေမယ့် ကျွန်တော်ကလည်း မြန်မာပီပီ လိုက် ရယ်လိုက်မိတယ်။

အိမ်ကိုရောက်တော့ ခဏနား။ ရေတွေ ဘာတွေသောက်ပြီး


mgyoe.com

mgyoe.com

ကျွန်တော်က စာမူအသစ်ပေး ကိုကျော်ငွေးသိန်းက ဂျာနယ်နဲ့ စာမူခပေး ပေါ့လေ။ ပြီးတော့ ဘောလုံးသတင်းလေး ဘာလေး နည်းနည်းပါးပါး ပြောပေါ့။ ကားအကြောင်းလည်း ပြောပေါ့။ ဒီတော့မှ သူတို့အဖွဲ့ ပျော်နေတာ 'ကား' ကြောင့်လို့ သတိထားမိတော့တယ်။ ခဏကြာတော့ ကိုကျော်ငွေးသိန်း က ကျော်ဟိန်းလိုထရပ်ပြီး ထွန်းထွန်းနိုင်လို နှုတ်ဆက်တယ်။

"ကဲ... ကိုရဲ လစ်ဦးမယ်၊ ရှေ့မှာ ဆက်ရမယ့် ခရီးတွေ ရှိသေး လို့..."

"OK..."

ကျွန်တော် အိမ်အပြင်ထိ လိုက်ပို့မြဲ လိုက်ပို့ရင်း သူတို့ကား နောက်ဘက်ဆုတ်တာ လမ်းထိပ်ကိုရောက်လို့ လှည့်ပြန်မယ်လုပ်တော့ ကားက ထိုးရပ်သွားတယ်။ ကျွန်တော်က စက်သေသွားတယ်ပေါ့လေ။ အခုမှ ထုတ်လာတာဆိုတော့ အင်ဂျင်က ဘယ်နွေးဦးမလဲပေါ့။ ဒါပေမဲ့ ထပ်ခါထပ်ခါနှိုးပေမယ့် ကားက စက်ပြန်နိုးမလာဘူး။ ဒါနဲ့ ကျွန်တော် လည်း အကူအညီပေးဖို့ လမ်းထိပ်ကို လိုက်သွားရတယ်။ ဘာမှ နားလည် လို့တော့ မဟုတ်ပါဘူး။

"ဆီပြတ်ပြီ ထင်တယ်"

"ဟင်... အခုမှ ထုတ်လာတာဆို"

"ဟုတ်တယ်လေ... ဒီမှာ ပြထားတာတော့ ဆီက Full ပဲ..."

ကိုကျော်ငွေးသိန်းပြတဲ့နေရာကို ကြည့်တော့ ဒိုင်ခွက်ထဲမှာ Full လို့ ရေးထားတာ တွေ့ရတယ်။ ကားသစ်ထုတ်တာကို သူတို့ပဲ ယုံယုံ ကြည်ကြည်လို့ စိတ်ထဲက အပြစ်တင်မိသေးတယ်။

"ဒီနားမှာ ဆီတွေ ဘာတွေရောင်းတဲ့နေရာ ရှိလား..."


mgyoe.com

mgyoe.com

"ကျွန်တော် သိပ်မသိဘူးခင်ဗျ၊ ခဏနေဦး မေးပေးမယ်လေ..."

နောက်ဆုံးတော့ ဆီရောင်းတဲ့အိမ်ကို တွေ့သွားတယ်။ ဆီထည့်ပြီးတော့ ကိုကျော်ဌေးသိန်းက ဆီပုံးကို ကျွန်တော့်အိမ်ကို လာပေးတယ်။

"ကိုရဲရေ OK သွားပြီ၊ ပိုက်ဆံသုံးရာ သူတို့ ပြန်အမ်းလိမ့်မယ်၊ ကိုရဲပဲ ယူထားလိုက်တော့၊ ဆီပုံးလည်း ကိုရဲအိမ်မှာပဲ ထားခဲ့တော့မယ်၊ သူတို့ လာယူလိမ့်မယ်"

"ရတယ်... ကိုကျော်... သူတို့က ဒီအိမ်ကို သိလို့လား"

"သိတယ် ကိုရဲ... ကိုရဲအိမ်ကို လာရင်း ဖြစ်တာဆိုလို့ သူတို့က ကူညီပေးလိုက်တာ..."

"ဟုတ်လား... ဆီရောင်းတဲ့အိမ်ကို ကျွန်တော်တောင် မသိဘူး..."

"ဆီရောင်းတာမဟုတ်ဘူး ကိုရဲရဲ့၊ သူတို့အိမ်မှာ ကားရှိလို့ ကူညီလိုက်တာ၊ သွားမယ် ကိုရဲ... ဒီတစ်ခါ တကယ်နှုတ်ဆက်တာ"

"OK..."

ဆီဝဝသောက်ပြီးသွားသော ယခုမှ နာရီသားသာသာရှိသေးသည့် အက်(ဖ)အီး၏ ရဲဘော်သစ်ကလေးသည် ယာယီနာမည်ကလေးနှင့် အသံဆာဆာ ဆာဆာပေးပြီး မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

ကားက အသစ်ကလေးလည်းဖြစ်၊ ထိုးရပ်သွားတော့ စက်သုံးလေးကြိမ်နှိုး၊ နည်းနည်းလည်းတွန်း ဆီပြတ်တာဆိုတော့ ဆီရနိုင်တဲ့နေရာမေးနှင့်မို့ ကျွန်တော်တို့လမ်းထဲမှာ ဒီကားကလေးကို ကျွန်တော်တို့လမ်းထဲက လူတော်တော်များများက ဂရုစိုက်ဖြစ်သွားကြပါတယ်။

အခုထိတော့ ကျွန်တော်ပြောတဲ့ အကြောင်းအရာထဲမှာ လွဲတာရယ်လို့ မပါသေးပါဘူး။ ကားဆီပြတ်တာကတော့ အခုမှ မော်တော်ယာဉ်ကြောင်းနှစ်ကောင်စာအုပ်တိုက်

mgyoe.com

mgyoe.com

ဌာနက ထုတ်လာတာရယ် ဖြစ်လေ့ဖြစ်ထရှိတာရယ်ကြောင့် အလွဲလို့ သဘောမထားတော့ပါဘူး။ ဒါပေမဲ့ ဘယ်လိုလွဲသွားတယ် ဆိုတာ ဆက်ဖတ်ပေးပါဦး...

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အက်(ဖ)အီးဆီ (နှစ်)

ကျွန်တော် အိမ်ထဲကို ပြန်ရောက်တော့ ကျွန်တော့်ဇနီး လေဒီချပ်ပြား က အက်(ဖ)အီးကပေးသွားတဲ့ မြန်မာအက်(ဖ)အီးပါတဲ့ စာမူခစာအိတ်ကို ကိုင်ကြည့်နေတယ်။ ကျွန်တော့်ကို မြင်တော့မှ…

"လက်ရေးကလည်း သေးသေးလေးတွေ လှလည်း မလှဘူး"

စာအိတ်ကိုကိုင်ရင်း သူ့ဘာသာသူ တစ်ယောက်တည်းပြောသလို လုပ်ပြောနေတယ်။ ကျွန်တော် သဘောပေါက်တာပေါ့။ အက်(ဖ)အီးက လာရင် ဒီလိုစာအိတ်နဲ့ ဒီလက်ရေးနဲ့ပဲဟာကို အခုမှ အထူးအဆန်းလုပ် ပြောနေတာကို ကိုယ့်ဆရာလည်း သဘောပေါက်ရောပေါ့။ ဒါကြောင့် ကျွန်တော် မသိချင်ယောင်ဆောင်နေလိုက်တယ်။ ဒါကို လေဒီချပ်ပြားက လည်း သဘောပေါက်ပါတယ်။ ကျွန်တော်က စာအိတ်ကို ကောက်မယူ သေးဘဲ စားပွဲပေါ်မှာ ဒီအတိုင်း တင်ထာ လိုက်တယ်။



mgyoe.com

mgyoe.com

ခဏကြာတော့ သူတို့က ဘယ်ဝင်းဘက်ကနေ ထိုးဖောက်လာပြန်ရောခင်ဗျ။

"ဖေဖေကြီး မုန့်ဆာတယ် မုန့်ဝယ်ကျွေး..."

"မုန့်ဆာတယ်ဆိုတာ မရှိဘူးကွ၊ ထမင်းဆာတယ် ဆိုတာပဲရှိတယ်၊ မင်း မနက်ကပဲ အုန်းနို့ဆန်ပြုတ်ရော ဘိန်းမုန့်ရော စားပြီးပြီလေကွာ၊ တော်တော့ ဟုတ်ပြီလား..."

"ဩော်... ပြောရဦးမယ်... ဆိ... ဆိကုန်နေတယ်..."

ဒါက တော့ အလယ်တန်းက ဝင်းကို ပို့၊ ဝင်းက ထိုးဖောက်ပြီး ရှေ့ဖြတ်တင်၊ ရှေ့က ဝိုင်းပိတ် စတဲ့ သီအိုရီနည်းပါပဲ။ မလွှတ်ဘူးပေါ့လေ...။

"OK... ဟုတ်ပြီ ဝယ်ပေးမယ်လေ..."

ကျွန်တော် စာအိတ်ကို ကောက်ယူရင်း ပြောလိုက်တယ်။ လေဒီချပ်ပြားကိုလည်း ဟိုတလောကပဲ မုန့်ဖိုးပေးထားတာ မဟုတ်လား...အေးဆေးပေါ့...။

ရေမိုးချိုးပြီးတော့ ကျွန်တော် အပြင်ကို ထွက်ပါတယ်။ အဲဒီနေ့က ညနေခြောက်နာရီလောက်ကျမှ အိမ်ကို ပြန်ရောက်တယ်။ အိမ်ကိုပြန်ဖို့ လမ်းထိပ်မှာပဲ ကျွန်တော်နားမလည်တဲ့ မေးခွန်းက စပါတယ်။

"ကိုရဲ... မနက်က ကိုရဲအိမ်ကိုလာတဲ့ ကားနံပါတ်ကို မှတ်မိလား..."

"ကား... နံပါတ်...!!"

"ဆိုပြတ်သွားတဲ့ ကားလေ... ဆိုပြတ်သွားလို့ ကိုဦးဆိ လိုက်ရှာပေးလိုက်ရတဲ့ ကား... အဲဒီကားကို ပြောတာ"


mgyoe.com

"ဟင်... အဲဒီကား ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ကိုရဲရဲ... အဲဒီကားနံပါတ်က နိမိတ်ယူပြီး ကစ်လိုက်တာ အောင်သွားတယ်၊ ကျန်တဲ့နံပါတ်ကို မေးတော့ သူ မမှတ်မိတော့ဘူးဆိုပြီး ဒီကောင် ညစ်နေလို့ ကိုရဲကို မေးတာ..."

"အာ... အဲဒီကားလေးက ဒီနေ့မှ ကညနရုံးက ထုတ်လာတာတဲ့၊ နံပါတ်ကလည်း ယာယီနံပါတ်ပါ... ကျွန်တော်လည်း သတိမထားလိုက်မိဘူး..."

"ဟာ... ကိုရဲကလည်းဗျာ သေလိုက်ပါတော့၊ ကိုယ့်အိမ်လာတဲ့ ကားနံပါတ်ကလေးတောင် ကိုယ် မမှတ်မိဘူးလား၊ မဟုတ်သေးပါဘူးဗျာ... ဖုန်းဆက်ပြီး မေးကြည့်ပါလား..."

ကားနံပါတ် မမှတ်မိတာကို အပြစ်တင်တဲ့လေသံနဲ့ ပြောတာရယ်၊ ဘာမှမဆိုင်တဲ့ ကိစ္စကို ဖုန်းဆက်မေးဖို့ ခိုင်းတာရယ်ကြောင့် ကျွန်တော်လည်း ဒေါကန်သွားတယ်။

"ဒီမှာ... ကျွန်တော်နဲ့ အဲဒီကားနဲ့ ပတ်သက်တာက စာပေလုပ်ငန်းနဲ့ပဲ ပတ်သက်တာ၊ ကားနံပါတ်နဲ့ ဘာမှမဆိုင်ဘူး၊ ကားနံပါတ် ဖုန်းဆက်ပြီး မေးဖို့ဆိုတာ ဝေလာဝေးပဲ၊ ခင်ဗျားတို့သိချင်ရင် နောက်တစ်ခေါက်လာတော့ ကိုယ့်ဘာသာ ကြည့်ကြပေါ့..."

ပြန်ပြောတဲ့ ကျွန်တော့်လေသံက မာတော့မှ ကျွန်တော် ဒေါကန်သွားတာကို သိပြီး 'နောက်နေ့တွေလာရင် အဲဒီကားနဲ့ပဲ လာမှာလားဟင်' ဆိုတဲ့ လေပျော့သံကလေးကို ကျွန်တော် ဖြေမနေတော့ဘဲ ထွက်လာခဲ့တယ်။

လူတွေများ ဘာမှမဆိုင်တဲ့ကိစ္စကို ပြဿနာ တော်တော်လုပ်ချင်


mgpee.com

mgyoe.com

ကြတယ်။ အက်(ဖ)အီးတို့ရဲ့ ကားနံပါတ်ကတော့ လူတစ်ယောက် ဈေးဦးပေါက်သွားပြီဆိုပဲ။ နောက်တစ်ပတ် အက်(ဖ)အီးတို့လာရင် ပြောရဦးမယ်ပေါ့။

အတွေးကလေးနဲ့ အိမ်ထဲကို ဝင်လာခဲ့တော့ ဧည့်ခန်းမှာထိုင်နေတဲ့ လေဒီချပ်ပြားက ကျွန်တော့်ကို မျက်မှောင်ကုတ်ကြည့်ရင်း...

"ဆီပုံးရော... ဆီ..."

"ဆီပုံး... ဘာဆီပုံးလဲ... လာပြန်ပြီလား..."

ကျွန်တော့်လေသံ ခပ်တန်းတန်းကြောင့် လေဒီချပ်ပြား နည်းနည်းတင်းသွားပုံရတယ်။

"ဘာဆီပုံးကမှာလည်း... မနက်ကတည်းက ဆီကုန်နေပြီလို့ပြောထားတာ၊ မအားရင်လည်း ပိုက်ဆံပေးထားခဲ့ပေါ့၊ ခုမှ လူကြုံနဲ့ ဆီပုံးယူခိုင်းလို ယူခိုင်းနဲ့... လူကို မယုံရင်လည်း နောက် ပိုက်ဆံပေးပြီးဟိုဟာ ဒီဟာ ဝယ်မခိုင်းနဲ့၊ နောက် ဘယ်တော့မှ မဝယ်ဘူး၊ ဒီကလည်းကင်းတယ် အဲဒီဆီပုံးကို မေးတာ..."

ကျွန်တော့် လေဒီချပ်ပြား ပြောသွားတာတွေကို ကျွန်တော် တစ်ခုမှနားမလည်ဘူး။ ကျွန်တော်ဟာ Time Sleep ဖြစ်သွားတဲ့လူလို ဖြစ်နေတယ်။ အိမ်ကို ပြန်ရောက်ကာစ ပြဿနာနဲ့ ဆီးတွေ့တော့ နည်းနည်းလည်း ကျွဲမြီးတိုသွားတယ်။

"မင်းပြောတာတွေ ငါ တစ်ခုမှ မသိဘူး၊ ဆီကုန်နေတယ်ဆိုလို့သွားကြည့်တော့ တစ်ရက်စာလောက် ကျန်သေးတာနဲ့ မဝယ်သေးတာ..."

"ဒါဆို ဘာဖြစ်လို့ ဆီပုံး တောင်းခိုင်းလိုက်လဲ၊ ဒီမှာ ဆီဖိုးပိုတဲ့ငွေသုံးရာတဲ့၊ ကျွန်မကို ရှင်ဝယ်ခိုင်းလည်း ဆီက ဒီဈေးပါပဲ၊ ကျွန်မက


mgyoe.com

လည်း ခိုးနေဝှက်နေတဲ့မိန်းမ မဟုတ်ဘူး... ဒီလောက်အထိ ဘာမှ စော်ကားနေစရာ မလိုဘူး"

ဒေါသအပြည့် မာနအပြည့်နဲ့ ပြောလာတဲ့ စကားသံကြောင့် ကျွန်တော်လည်း တော်တော့်ကို စဉ်းစားရကြပ်ပြီး စိတ်ညစ်သွားတယ်။ ငါမသိတာ တစ်ခုခုတော့ဖြစ်နေပြီလို့ သဘောပေါက်ထားပြီး သေသေချာချာကို မေးရတော့တယ်။

"ဆီပုံး... ဆီပုံးကို ဘယ်သူက လာယူတာလဲ"

ကျွန်တော့်အမေးကို လေဒီချပ်ပြားက မဖြေတော့ဘူး။ မာန်တင်းတင်းနဲ့ နှုတ်ခမ်းတွေကို စေ့ပြီး တစ်ဖက်ကို လှည့်ထားတယ်။

"ဟော့ကောင်... ငါမေးနေတယ်လေကွာ"

"ဟဲ့... ကလေးမလေးတစ်ယောက် လာတောင်းတာပဲ ဆီပုံး ပေးလိုက်ပါတဲ့၊ ပြီးတော့ ဆီဖိုးပိုတဲ့ငွေ ဆိုပြီး ပိုက်ဆံ ၃၀၀ ပေးတယ်"

ပထမတော့ ကျွန်တော် ကြောင်နေသေးတယ်။ ဖြစ်ရပ်တွေကို စပ်ဟပ်ကြည့်လို့ မရသေးဘူး။ ခဏနေတော့မှ 'ပိုက်ဆံသုံးရာ သူတို့ပြန်ပေးလိမ့်မယ် ကိုရဲပဲ ယူထားလိုက်တော့၊ ဆီပုံးလည်း သူတို့ လာယူလိမ့်မယ်...' ဆိုတဲ့ ကိုကျော်ဌေးသိန်းရဲ့အသံကို ပြန်ကြားရတယ်။ ဒါနဲ့ ဝမ်းသာအားရ ဆီပုံးထားတဲ့နေရာကို ကြည့်တော့ ဆီပုံးက မနက်က ကျွန်တော်ထားတဲ့နေရာမှာ ငုတ်တုတ်ပဲ...။ ငြိမ်လို့...။

"ဟင်... ဆီပုံးလာတောင်းတာဆို မပေးလိုက်ဘူးလား"

"ဟဲ့... နင့်မိန်းမ ပေးလိုက်တယ်လေ၊ နင် ဆီပုံး ယူမလာဘူးလား"

အိမ်ခန်းထဲက အော်နေတဲ့ အမေလည်း အိမ်ရှေ့ကို ထွက်လာတယ်။



mgyoe.com